## Seventh Sunday of Easter **(June 01, 2014)**

**1st READING:** ***Acts 1:12-14***

တမန်တော်ဝတ္ထု ၁း ၁၂–၁၄

ထို့နောက်တမန်တော်တို့သည်ဂျေရုဆလင်မြို့နှင့်ဥပုသ်နေ့တစ်နေ့ခရီးခန့်ကွာဝေးသောသံလွင်တောင်မှဂျေရုဆလင်မြို့သို့ပြန်သွားကြ၏။သူတို့သည်ပြန်ရောက်ကြသောအခါပေတရု၊ယောဟန်၊ယာကုပ်၊အန္ဒြေးယ၊ဖိလစ်၊သောမတ်၊ဘာသိုလိုမေဦးမာတေဦး၊အာလ်ဖေ၏သားယာကုပ်၊ဇေလော့ဟုခေါ်သောစိမုန်နှင့်ယာကုပ်၏သားဂျုဒတို့သည်မိမိတို့တည်းခိုရာအိမ်အထက်ခန်းသို့တက်သွားကြ၏။ထိုသူအပေါင်းတို့သည်ယေရှု၏မယ်တော်မာရိယာအပါအဝင်အမျိုးသမီးများနှင့်လည်းကောင်းကိုယ်တော်၏ညီအစ်ကိုများနှင့်လည်းကောင်းတညီတညွတ်တည်းအဆက်မပြတ်ဆုတောင်းပတ္ထနာပြုလျက်နေကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm: *Psalm 27:1,4,7-8*

ဆာလံကျမ်း ၂၇း ၁၊ ၄၊ ၇–၈

**သံပြိုင်**။ အသက်ရှင်သူတို့နေထိုင်ရာအရပ်တွင်ထာဝရဘုရား၏ကောင်းမြတ်မှုခြင်းကိုတွေ့မြင်ရလိမ့်မည်ဟု
ငါယုံကြည်ပါ၏။
R. I believe that I shall see the good things of the Lord in the land of the living.

၁။ ထာဝရဘုရားသည်ငါ၏အလင်း၊ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ငါသည်မည်သူ့ကိုကြောက်
ရအံ့နည်း။ **သံပြိုင်**။ ။
The LORD is my light and my salvation; whom should I fear? The LORD is my life’s refuge; of whom should I be afraid?

၂။ ထာဝရဘုရားထံ၌တစ်ခုတည်းသောဆုကိုငါတောင်းလျှောက်၏။ ငါလိုလားတောင့်တသောဆုကား၊
ဘုရားသခင်၏အိမ်တော်တွင်ငါ့ဘဝတစ်သက်တာလုံးနေထိုင်၍၊သခင်ဘုရား၏တင့်တယ်လှပမှုကိုဖူးမျှော်ရ
န်နှင့်ဗိမာန်တော်သည်ကိုယ် တော်ကို သိကျွမ်းရန်ပင်ဖြစ်၏။ **သံပြိုင်**။ ။
One thing I ask of the LORD; this I seek: To dwell in the house of the LORD all the days of my life, That I may gaze on the loveliness of the LORD and contemplate his temple.

၃။ အိုထာဝရဘုရား၊တပည့်တော်အော်ဟစ်သောအသံကိုနားထောင်တော်မူပါ။တပည့်တော်ကိုသနားကရု
ဏာထား၍ထူးတော်မူပါ။ငါ၏နှလုံးသားမှဆိုသည်မှာလာလော့၊ကိုယ်တော်၏ရွှေမျက်နှာတော်ကိုရှာလော့။
အိုထာဝရဘုရား၊ကိုယ် တော်၏ရွှေမျက်နှာတော်ကိုတပည့်တော်ရှာပါ၏။ **သံပြိုင်**။ ။
Hear, O Lord, the sound of my call; have pity on me, and answer me. Of you my heart speaks; you my glance seeks.

## 2nd READING: 1 Peter 4:13-16

ရှင်ပေတရုဩဝါဒစာပထမစောင် **၄း ၁၃–၁၆**

သင်တို့သည်ခရစ်တော်၏ဒုက္ခဝေဒနာခံထမ်းတော်မူခြင်း၌ပါဝင်ဝေမျှခံစားရကြသဖြင့်ဝမ်းမြောက်ကြလော့။ သို့မှသာခရစ်တော်၏ဘုန်းဂုဏ်တော်ထင်ရှားတော်မူသောကာလ၌သင်တို့သည်အလွန်ရွှင်လန်းဝမ်းမြောက်ကြပေလိမ့်မည်။သင်တို့သည်ခရစ်တော်၏နာမတော်အတွက်ကြောင့်ပြစ်တင်စော်ကားခြင်းခံရကြသောအခါမင်္ဂလာရှိကြ၏။အဘယ်ကြောင့်ဆိုသော်ထိုသို့ပြစ်တင်ခြင်းခံရသောအချိန်၌ဘုရားသခင်၏ဝိညာဉ်တော်တည်းဟူသောဘုန်းဂုဏ်နှင့်ပြည့်ဝသည်ဝိညာဉ်တော်သည်သင်တို့အပေါ်သက်ရောက်လျက်ရှိတော်မူ၏။သင်တို့တွင်မည်သူတစ်စုံတစ်ယောက်မျှ၊လူသတ်မှု၊ခိုးမှု၊ရာဇဝတ်မှုသို့မဟုတ်သူတစ်ပါး၏ပြစ်မှုတွင်ဝင်ရောက်စွက်ဖက်မှုဖြင့်ပြစ်ဒဏ်မခံထိုက်စေနှင့်။သို့သော်သင်တို့တွင်မည်သူမဆို၊ခရစ်ယာန်တစ်ဦးဖြစ်သောကြောင့်ပြစ်ဒဏ်ခံရပါလျှင်အရှက်ရမည့်အစားခရစ်တော်၏နာမတော်အားဖြင့်ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြစေ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

GOSPEL: John 17: 1-11

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၇း ၁–၁၁

ဤသို့မိန့်တော်မူပြီးနောက်သခင်ယေရှုသည်ကောင်းကင်သို့မျှော်ကြည့်လျက်မြွက်ဆိုသည်ကားအိုအဖ၊အချိန်နာရီကျရောက်ပါပြီ။သားတော်သည်ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုထင်ရှားစေနိုင်ရန်သားတော်၏ဘုန်းဂုဏ်တော်ကိုထင်ရှားစေတော်မူပါ။ကိုယ်တော်သည်သားတော်၏လက်သို့အပ်နှင်းထားသောသူအပေါင်းတို့အားထာဝရအသက်ကိုပေးစေခြင်းငှါလူသားအားလုံးအပေါ်အုပ်စိုးရသောတန်ခိုးအာဏာကိုသားတော်အားပေးတော်မူ၏။ထာဝရအသက်ဟူမူကားစစ်မှန်သောဘုရားတစ်ဆူတည်းဖြစ်သောသောကိုယ်တော်ကိုလည်ကောင်း၊ကိုယ်တော်စေလွှတ်တော်မူသောယေရှုခရစ်တော်ကိုလည်းကောင်းသိမှတ်ဝန်ခံခြင်းပင်ဖြစ်ပါ၏။ကျွန်ုပ်အားကိုယ်တော်ပေးအပ်တော်မူသောအမှုတော်တို့ကိုပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းဖြင့်ကျွန်ုပ်သည်ဤလောက၌ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုထင်ရှားစေပါပြီ။အိုအဖ၊ဤကမ္ဘာမြေမတည်ရှိမီကပင်ကိုယ်တော်နှင့်အတူကျွန်ုပ်စံစားခဲ့ရသည့်ဘုန်းဂုဏ်တော်ကိုကျွန်ုပ်အားရှေ့တော်တွင်ယခုပေးတော်မူပါ။ဤလောကထဲမှကိုယ်တော်ရွေးချယ်တော်မူ၍ကျွန်ုပ်ထံပေးအပ်တော်မူသောသူတို့အားကျွန်ုပ်သည်ကိုယ်တော်၏အကြောင်းကိုဖော်ပြခဲ့ပါပြီ။သူတို့ကိုကိုယ်တော်ပိုင်ဆိုင်တော်မူပါ၏။ကိုယ်တော်သည်သူတို့အားကျွန်ုပ်ကိုပေးတော်မူ၏။သူတို့သည်ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကိုလိုက်နာစောင့်ထိန်းကြပါပြီ။ကျွန်ုပ်အားပေးတော်မူသောအရာဟူသမျှသည်ကိုယ်တော်ထံမှဖြစ်ကြောင်းကိုသူတို့ယခုသိရှိကြပါပြီအကြောင်းမူကားကျွန်ုပ်အားကိုယ်တော်ပေးတော်မူသောနှုတ်ကပတ်တရားတော်ကိုကျွန်ုပ်သည်သူတို့အားပေးပါ၏။သူတို့သည်နှုတ်ကပတ်တရားတော်ကိုခံယူကြ၍ကျွန်ုပ်သည်ကိုယ်တော်အထံတော်မှလာကြောင်းကိုသူတို့အမှန်သိကြပါ၏။ကိုယ်တော်သည်ကျွန်ုပ်အားစေလွှတ်တော်မူကြောင်းကိုလည်းသူတို့ယုံကြည်ကြပါ၏။ကျွန်ုပ်သည်သူတို့အတွက်ဆုတောင်းပါ၏။လောကသားတို့အတွက်ကျွန်ုပ်ဆုမတောင်းပါ။ကျွန်ုပ်အားကိုယ်တော်ပေးအပ်တော်မူသောသူများသည်ကိုယ်တော်ပိုင်ဆိုင်သောသူများဖြစ်သောကြောင့်သူတို့အတွက်ကျွန်ုပ်ဆုတောင်းပါ၏။ကျွန်ုပ်တွင်ရှိသမျှအားလုံးကိုကိုယ်တော်ပိုင်ပါ၏။ကိုယ်တော်၌ရှိသမျှကိုလည်းကျွန်ုပ်ပိုင်ပါ၏။ထိုသူများအားဖြင့်ကျွန်ုပ်၏ဘုန်းဂုဏ်တော်ထင်ရှားစေပါ၏။ကျွန်ုပ်သည်ကိုယ်တော်ထံသို့လာမည်ဖြစ်၍ဤလောကတွင်ရှိနေမည်မဟုတ်ပါ။သို့သော်သူတို့မူကားဤလောကတွင်ရှိနေကြပါမည်။သန့်ရှင်းမွန်မြတ်တော်မူသောအဖ၊ကျွန်ုပ်အားအပ်နှင်းထားတော်မူသောသူတို့သည်ကျွန်ုပ်တို့ကဲ့သို့တစ်လုံးတစ်ဝတည်းဖြစ်ကြစေရန်ကိုယ်တော်၏နာမတော်၌စောင့်ရှောက်တော်မူပါ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။